**နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် ငွေစာရင်းဖွင့်လှစ်ခဲ့ပြီး မသမာမှုပြုလုပ်ရန် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ခဲ့သည့်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ အသိပညာပြန်လည်ဖြန့်ဝေခြင်း**

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ ညှိနှိုင်းအကြောင်းကြားချက်အရ ရည်ညွှန်းပါစာဖြင့် ချစ်မျိုးဦးနှင့် စွမ်းရည်ထက်ဆိုသူတို့သည် အခြားသူ၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်အား အလွဲသုံးစား ပြုလုပ်၍ ဘဏ်(၁)ဘဏ်တွင် ငွေစာရင်းများ ဖွင့်လှစ်ခဲ့ခြင်းသည် မသမာမှုပြုလုပ်ရန် ရည်ရွယ်ချက်ရှိရှိပြုလုပ်ခဲ့ သည်ကို တွေ့ရှိရကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းတို့၏ ဘဏ်လုပ်ငန်းဆောင်ရွက်ချက်များကို လိုအပ်သလို ကြီးကြပ်ဆောင်ရွက်နိုင်ပါရန်နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ပေးပို့သည့် သတင်းအချက်အလက်များ၏ အရည်အသွေးနှင့် အသုံးဝင်မှုကို စိစစ်ရန်လိုအပ်သောကြောင့် MFIU Feedback Form အား ဖြည့်စွက်ပြီး ပြန်ကြားပေးနိုင်ပါရန် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ဖြစ်စဉ်တွင် ဘဏ်(၁)ဘဏ်မှ သံသယဖြစ်ဖွယ် သတင်းပေးပို့ချက်အဖြစ် ပေးပို့လာသော ချစ်မျိုးဦးနှင့် သက်နိုင်စိုးတို့သည် ထွန်းသက်ဝေ၏ မှတ်ပုံတင်အမှတ်များအား ပြုပြင်၍ ငွေစာရင်း(၁)ခု ဖွင့်လှစ်ထားပြီး ၎င်းငွေစာရင်းများအား ချစ်မျိုးဦး၊ သက်နိုင်စိုးနှင့် စွမ်းရည်ထက်တို့(၃)ဦးမှ လွှဲပြောင်းဆောင်ရွက်ခဲ့သဖြင့် ဘဏ်မှ ၎င်းတို့နှင့်ပတ်သက်၍ စိစစ်ခဲ့ပြီး ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သံသယ်ဖြစ်ဖွယ် သတင်းပေးပို့ချက်အဖြစ် ညှိနှိုင်း အကြောင်းကြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင် နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် ငွေစာရင်းဖွင့်လှစ်ခဲ့ပြီး မသမာမှုပြုလုပ်ရန် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ခဲ့သည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ သိရှိနိုင်ရန်အတွက် အောက်ပါဖြစ်စဉ်(နမူနာ)ဖြင့် အသိပညာပြန်လည်ဖြန့်ဝေခြင်း

ဖြစ်စဉ်နမူနာ

ဖြစ်စဉ်တွင် ဘဏ်(၁)ဘဏ်မှ သံသယဖြစ်ဖွယ်သတင်းပို့ချက်အဖြစ် ပေးပို့လာသော ချစ်မျိုးဦးနှင့် သက်နိုင်စိုးတို့သည် ထွန်းသက်ဝေ၏ မှတ်ပုံတင်အမှတ်များအားပြုပြင်၍ အဆိုပါဘဏ်(xxxxxx ဘဏ်ခွဲ) တွင် ဘဏ်ငွေစာရင်း(၃)ခု၊ စွမ်းရည်ထိုက်မှ ၎င်း၏မှတ်ပုံတင်အမှတ်အား ပြုပြင်၍ ငွေစာရင်း(၁)ခု ဖွင့်လှစ်ထားပြီး ၎င်းငွေစာရင်းများအား ချစ်မျိုးဦး၊ သက်နိုင်စိုးနှင့် စွမ်းရည်ထက်တို့(၃)ဦးမှ လွှဲပြောင်း ဆောင်ရွက်ခဲ့သဖြင့် ဘဏ်မှ ၎င်းတို့နှင့်ပတ်သက်၍ စိစစ်ခဲ့ပြီး ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေး အဖွဲ့သို့ သံသယဖြစ်ဖွယ်သတင်းပေးပို့ချက်အဖြစ် ပေးပို့ခဲ့ကြောင်း။

ထွန်းသက်ဝေအမည်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၈/ရစက (နိုင်) xxxxxx ၊ ၈/ရစက (နိုင်) xxxxxx၊ ၈/ရစက (နိုင်) xxxxxx များဖြင့် အထက်ပါဘဏ်တွင် ငွေစာရင်းများ ဖွင့်လှစ်ခဲ့သူ၏ အမည်ရင်း အမှန်မှာ ချစ်မျိုးဦး၊ ၈/မမန (နိုင်) xxxxxx ဖြစ်ပြီး စွမ်းရည်ထိုက်သည် ၎င်း၏နိုင်ငံသားစိစစ်ရေးကတ် အမှတ်၊ ၁၂/သဃက (နိုင်) xxxxxx အမှန်ဖြင့် အထက်ပါဘဏ်တွင် ငွေစာရင်း(၁)ခု၊ ၎င်း၏ နိုင်ငံသား စိစစ်ရေးကတ်အမှတ်ရှိ နံပါတ်(၁)အား (၃)ဟု ပြင်ဆင်၍ ၁၂/သဃက (နိုင်) xxxxxx ဖြင့် ငွေစာရင်း (၁) ခု ဖွင့်လှစ်ခဲ့ကြောင်း၊

ထွန်းသက်ဝေအမည်ဖြင့် အသုံးပြုထားသော နိုင်ငံသားစိစစ်ရေးကတ်(၃)ကတ်တွင် ၈/ရစက (နိုင်) xxxxxx သည် ချမ်းပြည့်ကျော် (ဘ) ဦးxxx၊ ၈/ ရစက (နိုင်) xxxxxx သည် ဟိန်းမင်းခန့်၊ (ဘ) ဦးxx ဖြစ်ပြီး ၈/ရစက (နိုင်) xxxxxx သည် မိုးမိုးကျော် (ဘ) ဦးxx တို့၏ ကိုင်ဆောင်လက်မှတ်များဖြစ်၍ မှန်ကန်မှုမရှိကြောင်း၊

စွမ်းရည်ထက်အမည်ဖြင့် အသုံးပြုထားသော နိုင်ငံသားစိစစ်ရေးကတ် (၂) ကတ်တွင် ၁၂/သဃက (နိုင်) xxxxxx သည် စွမ်းရည်ထက် (ဘ) ဦးxxx၊ မွေးသက္ကရာဇ် ၁၀-၅-၂၀၀၅ ၏ ကိုင်ဆောင်လက်မှတ် အမှတ်ဖြစ်၍ မှန်ကန်မှုရှိပြီး ကျန်နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၁၂/သဃက (နိုင်) xxxxxx သည် သဃ်န်းကျွန်းမြို့နယ်တရားရုံး၏ အသုံးပြုပြီး အမြင့်ဆုံးနံပါတ်ထက် ကျော်လွန်နေသော နံပါတ်ဖြစ်၍ မှန်ကန်မှုမရှိကြောင်း။